http://www.dhammadownload.com
တစ်လတစ်ကြိမ်ထုတ်ဝေပါသည်။

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ကိုကို စိစဉ်ရေးဆွဲသည့်

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

စမ္မ ရသ သုတ ရုပ်စုံ

No.25 October , 2013

Shwe Moung Colourful Mini Comic

www.facebook.com/ShweMoungComic

ဗုဒ္ဓသာသနာတော်နှစ် ၂၅၅၇
မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တော်သလင်းလ/သီတင်းကျွတ်လ

မနာလို ဝန်တို ဟူသည်

ကျသော(အိတ်သာ) မစ္ဆရိယ(မစ်ဆရိယ) ဟူသည်

လူတွေဟာ ဒါနကုသိုလ် ပြုကြတဲ့အခါ "ဂုဏ်" လိုချင်ကြတယ်။ သူများချီးမွမ်းတာကိုခံချင်ကြတယ်။ အဲဒီ "ကုသိုလ်" ကြောင့် ဒီဘဝမှာပဲ စည်းစိမ်ဥစ္စာတွေတိုးပွားချင်ကြသလို သူတစ်ပါးအပေါ်မှာလည်း မောက်မာကြွားဝါချင်ကြပြန်တယ်။ မိမိဒါနပြုသလို သူများတွေကို မပြုစေချင်ဘူး။ နောက်ပြီး--အဲဒီကုသိုလ်ကြောင့်ပဲ လူချမ်းသာ နတ်ချမ်းသာ ရချင်ကြတယ်။

ဒီလိုစိတ်တွေဟာ လောဘ၊ ကျသော(မနာလို)၊ မစ္ဆရိယ(ဝန်တို) စိတ်တွေပဲ။ ဒီလို အကုသိုလ်တွေဟာ ကုသိုလ်ကိုအရင်းခံပြီးဖြစ်တဲ့ အကုသိုလ်တွေဖြစ်တယ်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ



http://www.dhammadownload.com

ဘုရည်ချွန်ကပေးပွဲအ

သည်ချွန်ဆုပေးပွဲအခမ်းအနား

"ပိစိကွေး"နှင့်"ဘုတ်အိမ"တို့ မောင်နှမ နှစ်ယောက်စလုံး ကျောင်းဆုပေးပွဲသို့တက်ကာ ပညာရည်ထူးချွန်"ပထမဆု"ကို တက်ယူရသည်ဖြစ်သောကြောင့်--ပျော်ရွှင်မဆုံးတပြုံးပြုံးဖြစ်နေကြလေသည်။

သူတို့မောင်နှမ က ပညာရည်ထူးချွန်ဆုသာမကသေးဘဲ "ယဉ်ကျေးလိမ္မာသင်တန်း"တက်ရောက်သင်ကြားမှုတွင်လည်း "ပထမဆု"ကို ရရှိကြသည်ဖြစ်၍ သူတို့မိသားစုများအားလုံး ဂုဏ်ယူဝမ်းသာမဆုံး ရှိနေကြခြင်းဖြစ်၏။

သူတို့ကိုသင်ကြား--ပြသပေးခဲ့သည့် စာသင်ကျောင်းမှ--ဆရာ--ဆရာမများ ကလည်း သူတို့တပည့်များထူးချွန်မှုအတွက် ဝမ်းသာဂုဏ်ယူ၍မဆုံးနိုင်ကြပါချေ။

ဒါမှ--
ငါ့မြေးလေးတွေ--
ဟဲ့--


ဟွန်း--"ဝက်ပုတ်မ"
သူပထမ ရတာနဲ့ မျက်နှာကိုမော့နေတာပဲ
လုံးဝမကျေနပ်ဘူး--

ထိုသို့ဝမ်းသာနေကြသည်ကိုကြည့်ပြီး--ဝမ်းမသာနိုင်သည့်သူလည်းရှိပါ၏။ ထိုသူက--"ဘုတ်အိမ"၏အတန်းဖော် "ထက်ထက်"။ သူက "ပထမ"ဆုကိုမှန်းထားခဲ့ပြီးမှ "တတိယ"ဆုကိုသာရရှိခဲ့၍ ဆုရသော်လည်း--မပျော်နိုင်ဖြစ်နေခြင်းဖြစ်သည်။

"ထက်ထက်"က ပထမဆုကိုပွေ့ပိုက်ကာ ပျော်ရွှင်နေသည့်"ဘုတ်အိမ"ကို မျက်စောင်းထိုးကြည့်ပြီး မဲ့နေသည်ကို--"လေးလေးဝ"သတိပြုမိလိုက်ပါ၏။

Cyan Magenta Yellow Black

http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




Cyan Magenta Yellow Black


http://www.dhammadownload.com







http://www.dhammadownload.com



http://www.dhammadownload.com

ကျောင်းဒကာ "သူကြွယ်" က ည့်သည်(အာဂန္တု)ရဟန်းအတွက် နေရာထိုင်ခင်းဝေယျာဝစ္စအလုံးစုံကိုစီစဉ်ပေးပြီးနောက်---

အရှင်ဘုရား--တို--နှစ်ပါးစလုံး--
နာက်ဖြန်မနက် အရုဏ်ဆွမ်းအတွက်--တပည့်တော်ရဲ့အိမ်ကို
ကြွရောက်တော်မူကြပါဘုရား--

ဒီဒကာ--ဘာတွေလုပ်နေပါလိမ့်နော်--
သူဒီလိုသာ--လုပ်နေလို့ကတော့--အဲဒီအာဂန္တုရဟန်း
ကျုပ်ကျောင်းပေါ်က--ကုတ်နဲ့ကော်ထုတ်ရင်တောင်
ပြန်မှာမဟုတ်တော့ဘူး--

ကတောက်..
ကတောက်..

ဒီလိုနဲ့--နောက်တစ်နေ့--နံနက်
ရောက်တဲ့အခါ--အာဂန္တုရဟန်းကို--မန္တီးချင်တာကြောင့်
"တုံးမောင်း"ကို--တုတ်နဲ့ရိုက်ပြီး--မခေါက်ဘဲ
လက်ညှိုးလေးနဲ့--အသာတောက်ရုံ
ခေါက်သတဲ့--

"တုံးမောင်း"ဆိုတာ--အရုဏ်တက်ချိန်မှာ
ကျောင်းနေရဟန်းတွေကိုနှိုးဖို့အတွက်--ကျောင်းတွေမှာ
ချိတ်ထားတဲ့အခေါင်းပါတဲ့သစ်တုံးကြီးလေ--


ည့်သည်ရဟန်းမနိုးခင်မှာဘဲ--
ကျောင်းနေရဟန်းဟာ--သပိတ်ကိုပိုက်လို့
ကျောင်းဒကာအိမ်ဆီ သုတ်ခြေတင်ပြီး
ကြွလာခဲ့တာပေါ့--

ကျောင်းဒကာအိမ်ကိုရောက်တော့--
ကျောင်းဒကာက ည့်သည်ရဟန်းဘာဖြစ်လို့ပါမလာတာလဲ
မေးတယ်လေ

အို--မပြောချင်တော့ပါဘူးဒကာရယ်--
ဒကာခေါ်လာတဲ့ကိုယ်တော်က--တော်တော်အအိပ်ကြီးတာပဲ
တုံးခေါက်ပြီးနှိုးတာတောင်--မနိုးလို့--ခေါ်မလာ
တော့ဘူး--

ကျောင်းဒကာကလည်း--ကျောင်းနေရဟန်းရဲ့
အဖြေစကားကို--သိပ်သဘောမတွေ့ပေမယ့်--ဘာမှမပြောတော့ဘဲ
ကျောင်းနေရဟန်းတစ်ပါးတည်းကို--အသင့်ပြင်ထားတဲ့
ဆွမ်းတွေကို ဆက်ကပ်လှူဒါန်းလိုက်သတဲ့

http://www.dhammadownload.com



Cyan Magenta Yellow Black


http://www.dhammadownload.com




http://www.dhammadownload.com





http://www.dhammadownload.com




http://www.dhammadownload.com











http://www.dhammadownload.com




http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com




http://www.dhammadownload.com




http://www.dhammadownload.com

"သံယာတော်များကို
ဦးစားပေးပါ"လို့--ဘတ်(စ်)ကားမှာ
ရေးထားပေမယ့်-သံယာတော်အတွက်
သီးသန့်စီစဉ်ထားတဲ့နေရာမှာထိုင်နေတဲ့သူကို
ကားစပယ်ယာက လှမ်းပြီး--နေရာတောင်း
ပေးရင်တောင်--သိပ်ထပေးချင်ကြတာ
မဟုတ်ဘူး


မကြားသလိုတောင်လုပ်နေတတ်ကြ
သေးတာ "လေးလေးဝ" မကြာခဏကြုံဖူးပါတယ်--ဘာပဲဖြစ်ဖြစ်--ကိုယ်ထိုင်
နေတဲ့နေရာကို ထပေးရမှာဝန်လေးတတ်ကြတာဟာအဲဒီ နံပါတ်(၁)အမျိုးအစားပဲ--နော်
အဲဒီလို--မကောင်းစိတ်ကြောင့်--အဲဒီဘဝကသေလွန်နဲ့တဲ့အခါ--နေရာကိုစွဲပြီး
ပြိတ္တာဖြစ်တတ်သတဲ့--"အဝီစိငရဲ" ကိုတောင်ကျနိုင်တယ်
လို့ဆိုတယ်




(၂)ကုလမစ္ဆရိယ ဆိုတာကတော့--
ဒကာ--ဒကာမ ဆွေမျိုးမိသားစု၊ တွေ့ကို ဝန်တိုတဲ့
အမျိုးအစားလေ--အခုပြောပြခဲ့တဲ့ဇာတ်တော်ထဲမှာဆိုရင်
ကျောင်းနေရဟန်း ဟာ သူ့ရဲ့ကျောင်းဒကာသူကြွယ်က
ညှဉ်သည်ရဟန်းအပေါ် သူထက်ကြည်ညိုနေတာကို
ကြည့်ပြီး--သူဒကာ ကို ဟိုရဟန်းဒကာ
ဖြစ်သွားမှာ စိုးရိမ်နေတာမျိုးပေါ့



ခုကာလမှာဆိုရင်--ကိုယ့်ဆီမှာကျွေးတက်နေတဲ့
တပည့်တွေကို--အခြားဆရာဆီ သွားမတက်စေချင်တဲ့သဘောပေါ့--
ကိုယ်နဲ့အတူထိုင်တဲ့--အတန်းဖော်သူငယ်ချင်းကို အခြားသူငယ်ချင်း
တွေနဲ့ခင်သွားမှာ ဝန်တိုတဲ့စိတ်ကို "ကုလမစ္ဆရိယ" လို့
မှတ်ထားကြ--နော်



ဒီကလေး--ကြည့်ရတာ--
ဟိုကျွေးရှင်ဆရာရဲ့ကြော်ငြာတွေဖတ်ပြီး--အထင်ကြီးနေပုံပဲ
ဒီကလေး--ကို အဲဒီကျွေးရှင်မသွားအောင်--ပြောထား
ရဦးမယ်--



အဲဒီ--ကုလမစ္ဆရိယကြောင့်---
ဒီဘဝမှာတင်--သွေးအန်တတ်တယ်၊ ဝမ်းလျှောတတ်တယ်--ဆိုပဲ--
အဲဒီ "ဝန်တို" စိတ်နဲ့သေသွားရင်--နောက်ဘဝတွေမှာလည်း
လာဘ်လာဘမရှိ--ဆင်းရဲတတ်သတဲ့လေ

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com





ဗုဒ္ဓဘာသာ ကိုးကွယ်ကြသော--မြန်မာလူမျိုးများ ဖြစ်ပါလျက်--ဗုဒ္ဓ၏အဆုံးအမ တရားတော်များနှင့် ဝေးနေကြရသော--ယနေ့ခေတ်လူငယ် လူရွယ်များ အတွက်--တတ်စွမ်းသမျှအင်အားဖြင့် ဗုဒ္ဓ၏အဆုံး အမ တရားတော်များကို သိရှိနားလည်ကြစေဖို့ "လေးလေးဝ"ဦးဆောင်ကာ ဗုဒ္ဓဘာသာယဉ်ကျေး လိမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် မိမိ၏ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့် ရှောက်နေခြင်းသာမဟုတ်ပါလား။

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ဖုန်း ၀၉၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၇၅၉
G mail: yemarn.sm@gmail.com
www.facebook.com/ShweMoungComic
e mail: www.shwemoung.com

http://www.dhammadownload.com

No.1 to 12 VOLUME 1


ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ ၁၂ အုပ် ပေါင်းချုပ်(ပထမတဲ့)တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁) "သြကာသ--ဟူသည်"
အမှတ်စဉ် (၂) "ငရဲ--ဟူသည်"
အမှတ်စဉ် (၃) "ပြိတ္တာ--ဟူသည်"
အမှတ်စဉ် (၄) "ကာယဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၅) "ဝစီဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၆) "မနောဒုစရိုက်--ဟူသည်"
အမှတ်စဉ် (၇) "ကောသလမင်းကြီး၏အိပ်မက်(၁၆)ချက်"
အမှတ်စဉ် (၈) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ပ)
အမှတ်စဉ် (၉) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ဒု)
အမှတ်စဉ် (၁၀) "နတ်ပြည်(၆)ထပ်--ဟူသည်"
အမှတ်စဉ် (၁၁) "ခင်ပွန်းကြီး(၁၀)ပါး--ဟူသည်"
အမှတ်စဉ် (၁၂) "ငါးပါးသီလ--ဟူသည်"



တန်ဖိုး ၆၅၀၀ ကျပ်

No.13 to 24 VOLUME 2



ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ ၁၂ အုပ် ပေါင်းချုပ်(ဒုတိယတဲ့)တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁၃) "ရတနာသုံးပါးဂုဏ်တော်များ"
အမှတ်စဉ် (၁၄) "အောင်ခြင်းရှစ်ပါး"(ပထမပိုင်း)
အမှတ်စဉ် (၁၅) "အောင်ခြင်းရှစ်ပါး"(ဒုတိယပိုင်း)
အမှတ်စဉ် (၁၆) "ကထိန်--ဟူသည်"
အမှတ်စဉ် (၁၇) "ဘေးဆိုးကင်းလွတ် ပဋ္ဌာန်းရွတ်"
အမှတ်စဉ် (၁၈) "စေတီ--ဟူသည်"
အမှတ်စဉ် (၁၉) "ဒါန--ဟူသည်"
အမှတ်စဉ် (၂၀) "မိဘကျေးဇူး--ဟူသည်"
အမှတ်စဉ် (၂၁) "ရှင်သာမဏေ--ဟူသည်"
အမှတ်စဉ် (၂၂) "ဥပုသ်သီလ--ဟူသည်"
အမှတ်စဉ် (၂၃) "ဗြဟ္မစိုရ်ရတနာ(၄)ပါး--ဟူသည်"
အမှတ်စဉ် (၂၄) "ဟီရိ--ဩတပ္ပ--ဟူသည်"

"ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံ ပေါင်းချုပ်စာအုပ်များကို အလိုရှိပါက အလိုတော်ပြည့်စာပေ သို့ တိုက်ရိုက်မှာယူနိုင်ပါသည်။
တစ်အုပ်လျှင်(၆၅၀၀ ကျပ်)ဖြင့် (ရန်ကုန်မြို့အတွင်း) အိမ်အရောက် ပို့ဆောင်ပေးပါမည်။

အမှတ်စဉ်(၁)မှ ယခုလထုတ်အထိ မှာယူပါက (ရန်ကုန်မြို့တွင်း) အိမ်အရောက်ပို့ပေးနေပါပြီ။
နယ်မှမှာယူပါက စာအုပ်ဖိုး ကို ဘဏ်ငွေလွှဲစနစ်ဖြင့် ပို့ပေးရမည်ဖြစ်ပြီး ကားဂိတ် အရောက်ပို့ပေးပါမည်။ ပို့ဆောင်ခကို မိမိတို့မြို့ရှိ ဆိုင်ရာဂိတ်တွင် ပေးချေရပါမည်။
၁၂လစာ(၁၂-အုပ်)အတွက် ၆၀၀၀ ကျပ် ကြိုတင်ငွေသွင်း မှာယူနိုင်ပါသည်

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။
စာပို့ခများ စျေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး(စရိတ်ငြိမ်း)မပို့ပေးနိုင်သည့် အတွက် အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

ယခုလ
ရွှေမောင်း အမှတ်စဉ် (၂၅)
မနာလို-ဇန်ကို-ဟူသည်



ရှေ့လ
ရွှေမောင်း အမှတ်စဉ် (၂၆)
ကံ--ကံ၏အကျိုး
ဟူသည်

"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ အမှတ်စဉ်(၁၃)မှ အမှတ်စဉ်(၂၄)ထိ အတွဲ(၂) ပေါင်းချုပ်စာအုပ်ကို မကြာခဏထွက်နိုင်အောင်စီစဉ်လျှက်ရှိပါသည်။
အတွဲစုံအားလုံးကို ပြန်လည်ပုံနှိပ်ရခြင်း၊ ကပ်ထူဖုံးချုပ်လုပ်ရာတွင် သေသပ်မှု ခိုင်ခန့်မှုရှိအောင်အချိန်ပေးရပါသည်။
အတွဲ(၂)ပေါင်းချုပ် စာအုပ်ကို ပရိသတ်လက်ထဲသို့ရောက်နိုင်အောင် ကြိုးစားလျှက်ရှိသော်လည်း ပြန်လည် ပုံနှိပ်ခြင်းကဏ္ဍာတွင် လစဉ်ထုတ်အတွက် ဦးစားပေးစီစဉ်နေရသည်ဖြစ်၍ မူလ ၂၀၁၃၊ အောက်တိုဘာလ တွင် ထုတ်ဝေဖြန့်ချိမှု မပြုနိုင်သေးခြင်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။
၂၀၁၃၊ ဒီဇင်ဘာလ အမီထုတ်ဝေဖြန့်ချိပေးပါမည်ဟု သတင်းကောင်းပါးအပ်ပါသည်။
ဖုန်းဖြင့်တစ်မျိုးလူကိုယ်တိုင်လာရောက်၍တစ်သွယ် "ပေါင်းချုပ် အတွဲ(၂) ထွက်ပြီလား" "ဟုမေးလာကြသော ပရိသတ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း။

"ရွှေမောင်း" ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် စျေးနှုန်းလျော့ကာ ရောင်းချပေးလျှက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများ စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးပြုံးရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟို)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ တာမွေ မင်္ဂလာစျေး ဘဏ်ခွဲ) ။ ကမ္ဘောဘဏ်(တာမွေ မင်္ဂလာစျေး ဘဏ်ခွဲ-၂) ရိုးမဘဏ်(တာမွေ မင်္ဂလာစျေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစိုးပိုင် ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၉၅ ။ ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။
အထူးသတိပြုရန်မှာ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

တန်ဖိုး ၅၀၀ ကျပ်

ပြည်လုံးကျွတ်ဖြန့်ချိရေး(ပင်ရင်း)
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။

■ ကာဝန်ခံအယ်ဒီတာ ဦးစိုးပိုင်(ခ)ပန်းချီရဲမာန်း ■ အယ်ဒီတာအဖွဲ့ ဦးသင်းအုန်း ၊ ဦးဝင်းကျော်(စိန္တမယ) ■ ပန်းချီအယ်ဒီတာ ပန်းချီရဲမာန်း ■ ပန်းချီ(တွဲဘက်)အယ်ဒီတာ ကာတွန်းဝင်းဖေ(အဖျောက်) ■ ထုတ်ဝေသူ ဦးစိုးပိုင်၊ ၀၄၅၉၇ ၊ ■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ဦးမောင်မောင်နိုင်(၀၁၄၈၀)မေတ္တာပုံနှိပ်တိုက် ■ ၂၀၁၃ ၊ အောက်တိုဘာလ ၊ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

SHWE MONG Colourful Mini Comic No.25